# ‘နံပါတ်ဝမ်း’ သန်းရွှေရဲ့ (ကိုယ်ရေးအကျဉ်း)

ဘယ်အချိန်မှာ ဘယ်သူ့ကပ်ရမယ်ဆိုတာကို စစ်အုပ်စုတိုင်းက သိတယ်။ ကြေးစားစစ်ဗိုလ်ရဲ့ဗီဇစိတ်ကြောင့်ပဲ ဖြစ်လိမ့်မယ်။ “အိမ်စောင့်” ရတုန်းက အမေရိကန်၊ အစ္စရေးလ်ကို ကပ်တယ်။ မဆလ စစ်အုပ်စုက တအိမ်လုံးသိမ်းမိတော့ ကမ္ဘာ့ဗိုလ်ကြီး (၂) ဗိုလ်ကို ကပ်တယ်။ နောက်တော့ အမွေခံ ‘နဝတ’ က တရုတ်နဲ့ အာဆီယံ၊ အိန္ဒိယကို ကပ်တယ်။ အခုတော့ နအဖ က တရုတ်၊ အာဆီယံ၊ အိန္ဒိယအပြင် အမေရိကန်ကိုပါကပ်ဖို့ လမ်းစရသွားပြီ။

ဂိုဟ်ကောင် ‘ဂျွန်ယက်တော’ ကို အမေရိကန်လွှတ်တော်အမတ်က အထူးစစ်လေယာဉ်နဲ့ခေါ်ပြီး ပြန်သွားနိုင်ခဲ့ပြီ။ သန်းရွှေကို ‘အ’ တယ် မထင်ပါနဲ့။ အောက်ခြေကနေ အခုအမြင့်ဆုံးနံပါတ်ဝမ်းအထိ တက်လာနိုင်တာဟာ ဘယ်အချိန်မှာ ဘယ်သူ့ကပ်ရမယ်ဆိုတာသိလို့၊ အကင်းပါးလို့ပဲ။

၁၉၅၀ နှစ်ပိုင်းတွေက မြောက်ပိုင်းတိုင်းမှာ ဆိုရှယ်လစ်စစ်ဗိုလ်ကြီးတွေ စုမိပြီး ဗကပ ချေမှုန်းရေး ထိုးစစ်ကြီးတွေ ဆင်တုန်းက သန်းရွှေက အဲဒီတုန်းက တန်ခိုးထွားနေတဲ့ မြန်အောင်သခင်ချစ်မောင်ကို ကပ်မိတယ်။ မြန်အောင်သခင်ချစ်မောင်ရေးတဲ့ “နိုင်ငံရေးသံဝေဂစာတမ်း’ (သူ့စာအုပ်နာမည်တော့ မေ့နေပြီ) အဲဒီစာတမ်းမှာ အထက်ဗမာပြည် ထိုးစစ်ကြီးအတွင်း စိတ်ဓာတ်စစ်ဆင်ရေးဌာနရဲ့ အာဏာပိုင်အဖြစ် ပါဝင်နေရတုန်းက နာမည်ပျက်ရုံ အရက်သောက်တဲ့အကျင့်ရကြောင်း ရေးဖူးတယ်။ အဲဒီကာလက သန်းရွှေက ဗိုလ်ပေါက်စပဲ။ မြန်အောင်သခင်ချစ်မောင်ကို အထူးပြုစုတဲ့ စားပွဲထိုးအလုပ် တက်တက်ကြွကြွ လုပ်ခဲ့တယ်။ ချစ်မောင် မျက်စိကျသွားတယ်။ နောက်တော့ ‘စိတ်ဓာတ်စစ်ဆင်ရေး’ ရောက်သွားတယ်။ ကွန်မြူနစ်ပျက် ပါရီပြန် ကိုချစ်လှိုင် (အခုကိုကိုမောင်ကြီး) က အလားအလာကောင်းတဲ့သူအဖြစ် သန်းရွှေကို မွေးမြူတယ်။ အဲဒီကတည်းက သန်းရွှေဟာ တက်လမ်းချည်းပဲ တွေ့ရတော့တယ်။

နောက်ဆုံးနေဝင်းက အာဏာအမွေလွှဲတော့ နံပါတ်တူးအဖြစ်နဲ့ အာဏာပိုင်တယောက် ဖြစ်လာတာပဲ။ တဦးတည်း အာဏာပိုင်တော့ မဟုတ်သေးဘူး။

ဗိုလ်စောမောင်က နိုင်ငံရေးအကွက် မမြင်ဘူး။ ရိုးတယ်။ အတယ်။ ၁၉၉၀ ရွေးကောက်ပွဲဟာ အာဏာလွှဲပေးဖို့လုပ်တဲ့ ရွေးကောက်ပွဲလို့ ထင်ခဲ့ပြီး စကားတွေ အလွန်အကျွံ ပြောမိတယ်။ နောက်ဆုံးတော့ ရွေးကောက်ပွဲပြီးရင် စစ်တန်းလျား မပြန်ရဘဲ သူပဲ အရှုးဖြစ်ကာ ဇာတ်သိမ်းရတယ်။

ဗိုလ်စောမောင် မရှိတော့ သန်းရွှေဟာ နံပါတ်ဝမ်း (နာမည်ခံသာ) ဖြစ်နေတာပဲ။ ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့်နဲ့ ပူးတွဲအာဏာ ကျင့်သုံးနေရတာ ဖြစ်တယ်။ နေဝင်းကိစ္စပေါ်တော့ ဗိုလ်ခင်ညွန့် အာဏာကျစပြုတယ်။ ဒဘယင်း (ဒီပဲယင်း) ပြီးမှပဲ ဗိုလ်ခင်ညွန့်ကို ဖယ်ပစ်နိုင်တာပဲ။ ဗိုလ်ခင်ညွန့်ကိုစွဲတဲ့ အမှုက ကြီးတယ်။ ဗိုလ်စောမောင်ကို ဖယ်ရှားတုန်းကလိုလုပ်လို့ မဖြစ်ဘူး။ ဒါကြောင့် ထောင်နှစ်ရှည် ချတယ်။ ပြီးမှ ဆိုင်းငံ့ပေးတယ်။ ဆိုင်းငံ့တာရဲ့ အကြောင်းကတော့ ‘စစ်အုပ်စုဝံသာနုစိတ်’ ကြောင့်ပါ။ (တလောက ဖြုတ်စဗျင်းတောင်းတယောက်က ဗိုလ်ခင်ညွန့်ကို သန်းရွှေရဲ့ မွေးစားသားလို့ပြောတာ ကြားလိုက်ရတယ်။ စစ်အုပ်စုထိပ်သီးတွေရဲ့ ကိုယ်ရေးအကြောင်း မသိဘဲ သန်းရွှေကို (ဖား) ချင်လွန်းအားကြီးပြီး ပြောလိုက်ပုံရတယ်။ နေဝင်းရဲ့ မွေးစားသားဆိုရင် ဟုတ်သလိုလို ရှိဦးမယ်။)

သန်းရွှေနံပါတ်ဝမ်းစစ်စစ်ဖြစ်တာ ဒဘယင်း (ဒီပဲယင်း) အပြီး ဗိုလ်ခင်ညွန့်ကို ဖြုတ်ပြီးမှ ဖြစ်တာပါ။

ဓနုပုံပြင်တခု ရှိတယ်။ စပါးကြီးမြွေမှာ သူဌေးကွက်ဆိုတဲ့ အကွက်တကွက်ရှိတယ်။ အကွက်တွေ ထောင်သောင်းထဲမှာ တကွက်ပဲ ပါတာတဲ့။ ပြီးတော့ အဲဒီအကွက်က ပုံမှန်မရှိဘူး။ အမြဲ စက္ကန့်နဲ့အမျှ ပြောင်းနေတာဆိုပဲ။

အဲဒီသူဌေးကွက်ကို ပထမဆုံး တုတ်ချက်နဲ့ ရိုက်မိရင် ဒီရေအလား စည်းစိမ်တိုးပြီး သူဌေးဖြစ်တာပဲတဲ့။

သန်းရွှေလည်း မြန်အောင်ချစ်မောင်ကို ကပ်မိတာဟာ သူဌေးကွက်ကို ရိုက်မိတာပဲ ဖြစ်လိမ့်မယ်။

သန်းရွှေဟာ အခု အမေရိကန်ကိုကပ်ဖို့ လမ်းစရသွားပြီ။ ဒေါ်အောင်ဆန်းစုကြည်က အိမ်ချုပ် – ဂိုဟ်ကောင်က ကျော့ကျော့မော့မော့ အိမ်ပြန်သွားပြီ။ အမေရိကားမှာ သူက တစုံတရာထင်ပေါ် ကျော်ကြားသူ ဖြစ်ဦးတော့မယ်။ ‘ဗမာပြည်အရေး ကျွမ်းကျင်သူ’ နိုင်ငံခြားသား နောက်ထပ်တယောက် တိုးပြန်ဦးမယ်။